# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်းရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်းတစ်ခုခုလည်း ပါဝင်သည်။"

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အစိုးရအဖွဲ့သည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်အလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ"

၅။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဓ) တွင် ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့်စကားရပ်ကို "အစိုးရအဖွဲ့က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။"

၈။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ အယူခံခြင်းကိုစိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။"

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၄ ၏ ခြေဆင်းတွင်ပါရှိသော "ဝန်ကြီးဌာနသည်" ဆိုသည့်စကားရပ်ကို "ကြီးကြပ်ရေးဗဟိုအဖွဲ့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်